# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 17 , 2023 Volume 63, Number 13

၁၇.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၇.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၀၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၉၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

### "ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန် တိုးချဲ့ထုတ်လုပ်ရေး"အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း



Source: ပြည်တွင်းကုန်သွယ်မှုဌာနခွဲ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ကကြီးမှူး၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အတွက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ Swen Hotel အစည်းအဝေးခန်းမ၌ "ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်တိုးချဲ့ထုတ်လုပ်ရေး" အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ တို့မှ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှကိုယ်စားလှယ်များ စုစုပေါင်း( ၆၀ )ဦး တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ဆားထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပြီး အသေးစား၊ အလတ်စား ထုတ်ကုန်များ ထွက်ရှိရာဒေသဖြစ်ပါသည်။ ဆန်နှင့်ပဲအမျိုးမျိုး၊ ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိရာ အဓိကအားဖြင့် ကုန်ကြမ်းအတိုင်းသာ တင်ပို့ ရောင်းချလျက်ရှိသဖြင့် လက်ရှိတင်ပို့နေသည့် ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင် ရေး၊

တိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုမြင့်မားတိုးတက်လာစေရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ရေးအတွက် ကြုံတွေ့ရမည့်အခက်အခဲများ၊ စိန်ခေါ်မှု များ၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ပါသည်။

ဤကဲ့သို့ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ အတူတကွပူးပေါင်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ လုပ်ငန်းရှင်များ၊ Exporter များနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စားလုပ်ငန်းများအတွက် လူမှုစီးပွားဘဝ တိုးတက်ရေး အတွက် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဌာနခွဲ**

## နယ်စပ်မှ ပို့ကုန်ဝင်ငွေများ၏ ၆၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်သတ်မှတ်နှုန်းဖြင့် လဲရမည့်အထဲတွင် ဆန်နှင့်ဆန်ကွဲ မကြာမီပါဝင်လာဖွယ်ရှိ

နယ်စပ်ကုန်သွယ်ရေးကဏ္ဍမှ တင်ပို့မည့်ကုန်ပစ္စည်းများ၏ ပို့ကုန်ရငွေ ၆၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်သတ်မှတ်နှုန်းဖြင့် ပြန်လည်လဲလည်ရမည့်စနစ်တွင် ဆန်နှင့်ဆန်ကွဲတင်ပို့မှုပါဝင်ခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ပြီးခဲ့သောနှစ်က တရုတ်နိုင်ငံ၏ ကိုဗစ်ဆိုင်ရာကန့်သတ်မှုများကြောင့် ကားပြောင်းရခြင်း၊ quarantine ကိစ္စအပါအဝင် ကိုဗစ်လုပ်ငန်းစဉ်များကြောင့် နယ်စပ်တင်ပို့မှုတွင် ဆန်၊ ဆန်ကွဲကုန်သည်များ လွယ်ကူချောမွေ့စွာလုပ်ကိုင်နေစေရန် နယ်စပ် တင်ပို့မှုအပေါ် ပို့ကုန်ရငွေ၏ ၁၀၀% အား ဈေးကွက်ပေါက်ဈေးအတိုင်း လဲလှယ်ခွင့်ပြုထားခဲ့သည်။

ယခုအခါ တရုတ်နိုင်ငံဘက်တွင် ကိုဗစ်ကန့်သတ်မှုများ ဖြေလျှော့ထားပြီဖြစ်၍ နယ်စပ်တင်ပို့မှုကို ပင်လယ်ရေကြောင်း တင်ပို့မှုကဲ့သို့ တပြေးညီဖြစ်စေရန် စီစဉ်ဖို့လိုအပ်ကြောင်း ဆန်ကုန်သည်အချို့က ပြောဆိုနေကြပါသည်။ လာမည့် မတ်လ (၁) ရက်မှစတင်ကာ နယ်စပ်ပို့ကုန်ကဏ္ဍမှ ပို့ကုန်ရငွေများ၏ ၆၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်သတ်မှတ်နှုန်းဖြင့် ပြန်လည် လဲလှယ် ရန် အစိုးရကသတ်မှတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ မူဝါဒအတွင်းပါဝင်သည့် ကုန် ၆ မျိုးမှာ ပဲ၊ပြောင်း၊ နှမ်း/မြေပဲ၊ ရော်ဘာ၊ ရေထွက်ပစ္စည်း၊ တိရိစ္ဆာန်အရှင်တို့ဖြစ်သည်။ "အခုလက်ရှိကတော့ နယ်စပ်က (၁၀၀) ရာခိုင်နှုန်းရနေသေးပါတယ်။ ၆၅/၃၅ စနစ်ထဲမှာ မပါသေးဘူး။ ကျန်တဲ့လယ်ယာထွက်ကုန်တွေကတော့ပါတာပေါ့။ ဆန်၊ ဆန်ကွဲက မပါသေးဘူး။ ပင်လယ် ရေကြောင်းနဲ့ နယ်စပ်ဈေးကွက် နှစ်ခုစလုံးမှာ မျှမျှတတအညီအမျှဖြစ်ခြင်းသည် ဆန်ဈေးကွက်တည်ငြိမ်ဖို့ အရေးပါပါတယ်။ ဆိုရှယ်မီဒီယာမှာ ပြောနေတာကတော့ သူတို့ထင်မြင်တာ ပြောနေကျတာပေါ့။ သက်ဆိုင်ရာကထုတ်ပြန်မှပဲ အတိအကျ သိရမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပေါ်ပြူလာနယူး(စ်)သို့ပြောသည်။

ပို့ကုန်ရငွေ၏ ၃၅ ရာခိုင်နှုန်းကို တရားဝင်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်နိုင်ပြီး ပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းကို တစ်ရက်အတွင်း ကျပ်ငွေဖြင့်လဲလှယ်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ၂၀၂၂ ခုနှစ် ဩဂုတ် ၁၆ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ပို့ကုန်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် တရုတ်ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် အိန္ဒိယ ရူပီးစသည့် နိုင်ငံခြားငွေများဖြင့် တိုက်ရိုက်ငွေပေးချေခွင့်ကို ခွင့်ပြုထားပြီးလည်းဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ် ၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ ဆန်၊ ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဖရဲ၊ သခွား၊ ငရုတ်၊ ကြက်သွန်အပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ကြံ ၊ ရော်ဘာ၊ ၄က်ပျောစသည့် ခြံထွက်သီးနှံများ ၊ ငါး ၊ ပုဇွန် ၊ ကဏန်း အပါအဝင် ရေထွက်ကုန်ပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းအမြောက်အများ တင်ပို့နေခြင်းလည်းဖြစ်သည်။ ယင်းကဲ့သို့ တင်ပို့နေသည့် ပို့ကုန်ပစ္စည်းများ၏ ပို့ကုန်ရငွေထဲမှ (၆၅) ရာခိုင်နှုန်းကို လာမည့်မတ်လ (၁) ရက်မှ စတင်ကာ မြန်မာနိုင်ငံဗဟိုဘဏ်က သတ်မှတ်သည့်ငွေလဲနှုန်းဖြင့် ပြန်လည် လဲလှယ်ရမည်ဖြစ်သည်။

လက်ရှိတွင် ဗဟိုဘဏ်က သတ်မှတ်ထားသည့်ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၂၁၀၀ ကျပ်ဖြစ်ပြီး၊ ပြင်ပ ဈေးကွက်တွင် ၂၈၅၀ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြခြင်းဖြစ်သည်။ လက်ရှိတွင်ဖြစ်ပေါ်နေသည့် နိုင်ငံခြား ငွေဈေးနှုန်းများအရ တရုတ်တစ်ယွမ်လျှင် မြန်မာငွေ ၄၁၀ ကျပ်ဝန်းကျင်၊ ထိုင်းဘတ်ငွေတစ်ဘတ်လျှင် မြန်မာငွေ ၈၅ ကျပ် ဝန်းကျင်၊ အိန္ဒိယတစ်ရူပီးလျှင် မြန်မာငွေ ၃၆ ကျပ်ဝန်းကျင်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=103709

## နယ်စပ်ကုန်သွယ်မှုပြုရာတွင် ငွေပေးချေမှုကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်လိုသဖြင့် ကူညီဆောင်ရွက်ပေးရန် ယူနန်-မြန်မာ စီးပွားရေးဆွေးနွေးပွဲ၌ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌပြောကြား

နယ်စပ်ကုန်သွယ်မှုပြုရာတွင် ငွေပေးချေမှုကို ဘဏ်စနစ်ဖြင့်ဆောင်ရွက်လိုသဖြင့် ကူညီဆောင်ရွက်ပေးရန် ယူနန်-မြန်မာ စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးပွဲ၌ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နှင့် မြန်မာလုပ်ငန်းရှင်များအကြား စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် Dr.Li Chenyang နှင့် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းဦးဆောင်သော နှစ်ဖက်တာဝန်ရှိ ပုဂ္ဂိုလ်များသည် ၂၀၂၃ ခုနှစ် ဖေ ဖော်ဝါရီ ၁၅ ရက်၌ ရန်ကုန်မြို့ရှိ Wyndham Grand Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယူနန်ပြည်နယ်၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Li Chenyang က ယူနန်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်၊ ယူနန်လုပ်ငန်းရှင်များနှင့် မြန်မာလုပ်ငန်းရှင်များအကြား ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လိုကြောင်း၊ လယ်ယာလုပ်ငန်း၊ လျှပ်စစ်၊ အခြေခံအဆောက်အအုံ၊ လူသုံးကုန်ပစ္စည်းလုပ်ငန်းများ ကူးသန်း ရောင်းဝယ်ရေး၊ သတင်းအချက်အလက်များဖလှယ်ရေး၊ အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးသကဲ့သို့ ကုန်သည်လုပ်ငန်းရှင်များအကြား ဆက်သွယ်မှုသည်လည်း အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌဦးအေးဝင်းက ယူနန်ပြည်နယ်နှင့် ယခင်ကာလကတည်းက စီးပွားရေးအရ နီးကပ်သည့် ဆက်ဆံမှုများရှိခဲ့ကြောင်း၊ ကိုဗစ်ကာလအတွင်း လျော့နည်းသွားခဲ့သည့် နယ်စပ်ကုန်သွယ်ရေးအပြင် စီးပွားရေးအရ ကူးလူးဆက်ဆံမှုနှင့် ကုန်သွယ်မှုများကိုပါ ပြန်လည်မြှင့်တင်ရမည့် အချိန်အခါလည်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်မှု ပြုရာတွင် ငွေပေးချေမှုကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်စေလိုပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေထွက်ကုန်ပစ္စည်း များ တရုတ်နိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန်အတွက် GACC တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ပြည်တွင်းလုပ်ငန်းရှင်များ ပိုမိုနားလည်သဘောပေါက်လာစေရန်နှင့် မှတ်ပုံတင်ရာတွင် လွယ်ကူလျင်မြန် ချောမွေ့စေရန်ကိုလည်း ကူညီဆောင်ရွက် ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး (ရန်ကုန်) မှ စီးပွားရေးသံမှူး Mr.Tan Shu ၊ ကုန်သည်စက်မှု အသင်းချုပ်ဘက်မှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးမျိုးသန့်၊ ဦးကျော်ဒေဝ၊ ဦးရဲမြင့်မောင်၊ ဦးအောင်ဇေယျာလွင်၊ ဘဏ္ဍာရေးမှူး ဦးလှဦး၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးလှမြင့်ရွှေ၊ ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာန၊ ကုန်သွယ်မှုနှင့် စီမံဘဏ္ဍာရေးအရာရှိများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ယူနန် ကုန်သွယ်မှုအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထွေထွေမန်နေဂျာများ တက်ရောက်ဆွေးနွေးခဲ့သည်။

**Source:** https://news-eleven.com/article/244552

## ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ နှမ်းတန်ချိန် ၂ သိန်းကျော် တင်ပို့ရောင်းချမည်


https://www.foodindustrydirectory.com.mm

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ အမေရိကန်ဒေါ်လာသန်း ၃၃၀ ကျော် တန်ဖိုးရှိ နှမ်းတန်ချိန် ၂၂၀,၀၀၀ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ သတင်းများအရသိရသည်။

နှမ်းသည် မြန်မာ့ပြည်ပပို့ကုန်များတွင် အားထားရသည့် ပြည်ပပို့ကုန်တစ်ခုဖြစ်ပြီး တရုတ်၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဗီယက်နမ်၊ ဘူလ်ဂေးရီးယား၊ ဖိလစ်ပိုင်၊ နယ်သာလန်၊ မလေးရှားနှင့်ယူအေအီးစသည့်နိုင်ငံများသို့ အဓိကတင်ပို့ရောင်းချ ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှမ်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများအပြား စိုက်ပျိုးလျက်ရှိပြီး မကွေးတိုင်းဒေသကြီး အောင်လံ

မြို့နယ်မှထွက်ရှိသည့် နှမ်းနက်သည် အရည်အသွေး အလွန်ကောင်းမွန်သဖြင့် ဂျပန်နိုင်ငံတွင် ဈေးကွက်ခိုင်မာစွာရရှိနေပြီ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် နှမ်းသည် ဖုန်၊ သဲနှင့်အရောအနှောကင်းရှံမှုမက ပိုးသတ်ဆေးဓာတ်ကြွင်းနည်းပါးသည့် အပြင် အရည်အသွေးကောင်းမွန်မှု ထိပ်တန်းအဆင့်တွင်ရှိနေသဖြင့် ဖောက်သည်ဈေးကွက်နိုင်ငံများ၏ ဝယ်ယူလိုအား ရှိနေကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသည့် နှမ်းများသည် နိုင်ငံတကာ နှမ်းဈေးကွက်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ မှာ ၁,၀၀၀ ထိရှိနေသဖြင့် နှစ်စဉ်ပြည်ပတင်ပို့မှုရှိနေကြောင်း သိရသည်။

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၃၀ တန်ဖိုးရှိ နှမ်းတန်ချိန် ၂၂၀,၀၀၀ ထိ တင်ပို့ ရောင်းချပေးသွားမည် ဖြစ်ကြောင်း ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ၂၀၂၃ ခုနှစ် -

- ဧပြီလမှ ဇွန်လထိ ဘဏ္ဍာနှစ်၏ ပထမသုံးလတာ ကာလအတွင်းတွင် နှမ်းတန်ချိန် ၅၅,၀၀၀
- ဇူလိုင်လမှ စက်တင်ဘာလထိ ဘဏ္ဍာနှစ်၏ ဒုတိယသုံးလတွင် နှမ်းတန်ချိန် ၅၅,၀၀၀
- အောက်တိုဘာလမှ ဒီဇင်ဘာလထိ ဘဏ္ဍာနှစ်၏ တတိယသုံးလတွင် နှမ်းတန်ချိန် ၅၅,၀၀၀နှင့်
- ဘဏ္ဍာနှစ်၏ နောက်ဆုံးသုံးလဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လထိကာလ အတွင်းတွင် နှမ်းတန်ချိန် ၅၅,၀၀၀

စုစုပေါင်း နှမ်းတန်ချိန် ၂၂၀,၀၀၀ တင်ပို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ နှမ်းတင်ပို့ရောင်းချပေးရာတွင် နှမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁,၅၀၀ ရရှိရန် ခန့်မှန်းထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

**Source: The Mirror**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5746-in-2023-24-fiscal-year,-more-than-200,000-tons-of-sesame-seeds-will-be-exported.html

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့ နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ ပို့ကုန်တန်ချိန် (၇၂၅၅)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၆.၈၂၇)သန်း၊ သွင်းကုန်တန်ချိန် (၅၅၂၄)၊ (၆၃၂၅) BBL၊ တန်ဖိုး အမေရိကန် ဒေါ်လာ (၀.၉၅၃)သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၂၅ သန်း ဖြစ်သည်။ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ အုန်းဖက်အက်ဆစ်တို့ဖြစ်ပြီး၊ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဓာတ်ဆီ၊ ဒီဇယ်၊ ပီလောပီနံမှုန့်၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်၊ ဆိုဒီယမ် ကာဗွန်နိတ်၊ အနံ့ရည်၊ ဆား၊ ရေခဲပုံး၊ ဆီလီကွန်၊ မီးသွေးမှုန့်၊ ထုံးမှုန့်၊ ကုန်စုံတို့ ဖြစ်ကြောင်း သိရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## ရမည်းသင်းမြို့နယ်၌ ဆောင်းရာသီတွင် စိုက်ပျိုးထားသည့် စပျစ်များ စတင်ထွက်ရှိနေပြီး အရည်အသွေးကောင်းမွန်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ဆောင်းရာသီတွင် စိုက်ပျိုးထားသည့် စပျစ်များ စတင်ထွက်ရှိနေပြီး အရည်အသွေးကောင်းမွန်လျက်ရှိကြောင်း စပျစ်စိုက်ပျိုးသူများ၏ ပြောဆိုချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အပါအဝင် ပြည်တွင်း၌စိုက်ပျိုးသည့်စပျစ်များသည် ရာသီမရွေး ထွက်ရှိနေသော်လည်း မိုးရာသီစပျစ်များမှာ အရည်အသွေးပိုင်း အားနည်းချက်များရှိပြီး မိုးနှောင်းစပျစ်မှာ အနည်းငယ်

ကောင်းမွန်လေ့ရှိကာ ဆောင်းရာသီစပျစ်မှာ ပိုမိုကောင်းမွန်လေ့ရှိကြောင်းသိရသည်။ "ဆောင်းရာသီမှာ စိုက်ပျိုးတဲ့စပျစ်ကတော့ အရည်အသွေးအကောင်းဆုံးဖြစ်ပါတယ်။ သူက ဖေဖော်ဝါရီလကနေဧပြီလအထိ ထွက်ရှိလေ့ရှိပါတယ်။ ဆောင်းရာသီမှာ အသီးတင်ပြီး နွေရာသီမှာဆွတ်ခူးကြတာပါ"ဟု မန္တလေးတိုင်းဒေသကြီးမှစပျစ်စိုက်ပျိုးသူ ဦးလှိုင်ထွန်းက ပြောသည်။

လက်ရှိတွင် စပျစ်ရစ်ပိဿာဝင်တစ်ခြင်းလျှင် ငွေကျပ် ၆၀၀၀၀၊ ခြောက်ပိဿာဝင်တစ်ခြင်းလျှင် ငွေကျပ် ၄၅၀၀၀၊ လေးပိဿာဝင်တစ်ခြင်းလျှင် ငွေကျပ် ၃၀၀၀၀ စသည်ဖြင့် အမျိုးအစားအလိုက် ဈေးနှုန်းအသီးသီးရှိသည်။

ရမည်းသင်းမြို့နယ်၌ ပုံမှန်အားဖြင့် တစ်ရက်လျှင် စပျစ်ပိဿာချိန် ၁၀၀၀၀ မှ ၁၅၀၀၀ ဝန်းကျင်အတွင်း ထွက်ရှိလေ့ရှိပြီး အထွက်နှုန်းနည်းပါးချိန်တွင် တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၂၀၀၀ ဝန်းကျင်ထွက်ရှိလေ့ရှိကာ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးအပါအဝင် တခြားသောမြို့ကြီးများသို့လည်း တင်ပို့လေ့ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း စပျစ်စိုက်ပျိုးသည့် ကျေးရွာပေါင်း ၃၀ ကျော်မှ စိုက်ပျိုးသူဦးရေ ၄၀၀၀ ဝန်းကျင်အထိရှိကာ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး နယ်စုံသို့တင်ပို့ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံ၌ စပျစ်ကို ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ရေနံချောင်း၊ ရမည်းသင်း၊ ပျော်ဘွယ်စသည့်မြို့နယ်များတွင် အများအပြားစိုက်ပျိုးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ စပျစ်စိုက်ပျိုးရာတွင် ရေကိုလိုအပ်သလို သွင်းပေးနိုင်ပါက အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/37067

## အာဂျင်တီးနားနိုင်ငံ၌ မိုးခေါင်ရေရှားမှုကြောင့် သီးနှံတင်ပို့မှုပမာဏ ၂၃ ရာခိုင်နှုန်းကျဆင်းနိုင်



https://www.foodindustrydirectory.com.mm

အာဂျင်တီးနားနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းကျဆင်းပြီး ယခုနှစ်တွင် ယခင်နှစ်ကထက်ပို့ကုန်ပမာဏ ၂၃ ရာခိုင်နှုန်း လျော့နည်းသွားနိုင်ကြောင်း ဗျူနို့အေရိစ် ကောက်ပဲသီးနှံဖလှယ်ရေး အစီရင်ခံစာအရသိရသည်ဟု Buenos Aires Herald သတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ထုတ်ပြန်ထားကြောင်း သိရသည်။

ယခင်နှစ်က ဖြစ်ပွားခဲ့သော မိုးခေါင်ရေရှားမှုသည် အာဂျင်တီးနားနိုင်ငံ၏ နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများနှောင့်နှေးကာ သီးနှံအထွက်နှုန်းများကျဆင်းခဲ့ပြီး ငွေကြေးဖောင်းပွခဲ့မှုများကြောင့် တောင်သူများထိခိုက်မှုများ ခံစားခဲ့ရကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာပေါ်တွင် ပြုပြင်ပြီး ပဲပိစပ်ထိပ်တန်းတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စပါးနှင့် ဂျုံတင်ပို့မှုတွင် တတိယအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ကြောင်း၊ ယခင်နှစ်မိုးခေါင်ရေရှားခဲ့မှုကြောင့် သီးနှံများထိခိုက်မှုရှိခဲ့သဖြင့် လယ်ယာကဏ္ဍမှတင်ပို့ဝင်ငွေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃၃ ဒသမ ၃၉ ဘီလီယံထိကျဆင်းသွားဖွယ်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ကျန်ရာသီတွင် မိုးရွာသွန်းမှုပုံမှန်မဖြစ်ပါက စိုက်ပျိုးရေးလုပ်ငန်းများ နှောင့်နှေးမှုဖြစ်လာနိုင်ပြီး အကျိုးသက်ရောက်မှု ပိုမိုဆိုးရွားလာနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခင်နှစ် စက်တင်ဘာလက ဗျူနို့အေရိစ် ကောက်ပဲသီးနှံဖလှယ်ရေး အစီရင်ခံစာတွင် ပြောင်းတန်ချိန် ၄၈ သန်းနှင့် စပါးတန်ချိန် သန်း ၅၀ ထွက်ရှိရန် ခန့်မှန်းထားသော်လည်း ယခုအစီရင်ခံစာတွင် ပြောင်းတန်ချိန် ၃၈ သန်းနှင့် စပါးတန်ချိန် ၄၄ ဒသမ ၅ သန်းသာထွက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**Source: agriculture.com**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5747-in-argentina,-due-to-the-drought,-the-amount-of-crop-exports-may-decrease-by-23.html

# STOCK EXCHANGE (17.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 17th Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,747 (Shares) | 9,972,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 535 | 4,547,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,150 | 733 | 2,318,550 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 1,256 | 2,260,800 | 24,720,530 | 44,497 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 105 | 267,750 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 118 | 578,200 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 17th Feb. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.03 | +0.00 | +0.00% | 382.03 | 382.03 | 380.91 | 2,747 | 9,972,800 | 7 | 664,587 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm. 17th Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,102 (Shares) | 5,942,300 (MMK) |

| MYANPIX | 380.91 ▼ 1.12 |
|---|---|
| Total Volume (shares) | 2,102 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,641 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |